
ဘာသာပြန်စာရေးဆရာ – Myo Kyaw Thu
နတ်နဂါးအသွင် ပြောင်းလဲခြင်းစနစ်
(ဝမ်ရှန်း)
(Chapter 571 - 585)
(စာစဉ်-၃၉)

## အခန်း ၅၇၁
## နတ်ဆိုးကဲ့သို့ မာစတာ (၃)

ဘယ်နယ်ပယ်မှာမဆို နယ်ပယ်တစ်ခုကိုကျော်တက်နေမှသာလျှင် မာစတာဟုခေါ်ဆိုနိုင်သည်။ ယွဲ့တောင်ထိပ်၏တပည့်များက ရုန်ချန်းတွင် အသက်၂၀ကျော် မာစတာအဆင့်လူတစ်ယောက်ရှိသည်ဆိုတာကိုမယုံကြပေ။

"ကျွန်မအမှန်ပြောတာ။အမရွှယ်က ဘိုယွီဓားကိုအဲ်ဒီနေရာမှာပြုပြင်ခဲ့တာ။နင်တို့တွေငါ့ကိုမယုံရင် သူဒီကိုရောက်လာတဲ့ချိန်ကြရင် နင်တို့မေးလို့ရတယ်!" မူဝမ်ဘိုင်သည် လူအချို့က သူမကိုယုံကြည်ခြင်းမရှိတာမြင်လျှင် ဒေါသတကြီးပြန်ငြင်းလိုက်သည်။

"နင့်ကိုငါတို့ မယုံတာမဟုတ်ဘူး၊ဒီလိုငယ်ရွယ်တဲ့ လက်နက်သန့်စင်ရေးမာစတာကို ဘယ်သူကယုံနိုင်မှာလဲ။" ပိုင်လင်း နှင့် ဘေ့ဘေ့တို့က မူဝမ်ဘိုင်၏လက်ကို အလျင်အမြန်ဆွဲကာပြောလိုက်ကြသည်။

"ဟမ့်!နင်တို့အဲ့ဒီကိုရောက်ရင် နင်တို့သိလိမ့်မယ်။ လူတ်ကို လက်နက်သန့်စင်မာစတာလို့မထင်ထားပေမယ့် အဲဒါကအမှန်ဖြစ်နေတာပဲ" မူဝမ်ဘိုင်က ခါးသီးသောခံစားချက်များနှင့်အတူ သူမဖြင့်ထပ်မံရှင်းပြရန် စိတ်မဝင်စားတော့ပါဘူး။

"ကောင်းပါပြီ။"ဘေ့ဘေ့က ပြုံးပြရင်းသူမက ခေါင်းညိတ်လိုက်ကာ "ငါတို့ညီအစ်မတွေကို လက်နက်ကိရိယာတွေ သန့်စင်ဖို့အတွက်ပစ္စည်းတွေ ပြင်ဆင်ခိုင်းထားလိုက်မယ်။ပြီးတော့ ငါတို့တွေ စွမ်းအင်ဆေးလုံး သန့်စင်ဖို့

အတွက် ဝိညာဉ်ဆေးပင်ကိုယူသွားကြမလား။"

"ဆိုင်ကို ဆေးဖော်စပ်ခြင်း နှင့် လက်နက်သန့်စင်ခြင်းမာစတာလို့ခေါ်တယ်။သူ့မှာ စွမ်းအင်ဆေးတွေသန့်စင်တဲ့ဖောက်သည်တွေများလေလေ၊ ဝိညာဉ်ကျောက်တုံးတွေ လျှော့ပေးလေဘဲ" ဟု ဝူဝမ်ဘိုင် က ပြန်ပြောလိုက်ပါသည်။

"ဆေးဖော်စပ်ခြင်း နှင့် လက်နက်သန့်စင်ခြင်းမာစတာလား။အဲဒီဆိုင်မှာ စွမ်းအင်ဆေးလုံးကို သန့်စင်ပေးနိုင်တဲ့ဆရာတစ်ယောက်လည်း ရှိနေတာလား" ရဲ့ဖုန်း က ထေ့ငေ့သောအကြည့်ဖြင့်ပြောလိုက်သည်။

"အကြီးဆုံးစီနီယာအမ ရောက်လာပြီ!"

ထိုအချိန်တွင် တပည့်မိန်းကလေးက တစ်ယောက်ကလှမ်းပြောလိုက်သည်။ အားလုံးဟာ ခဏတာ အံ့အားသင့်သွားပြီးနောက် လူတိုင်းကရှေ့ကို လှမ်းကြည့်လိုက်ကြသည်။

"အမရွှယ် ကို ရှင်သိချင်တာမှန်သမျှမေးလို့ရတယ်!" မူဝမ်ဘိုင် က ရဲ့ဖုန်း ကိုကြည့်ကာ နှုတ်ခမ်းစူရင်းပြောလိုက်သည်။

"ဖြောင်လင်းရွှယ်!"

ရဲ့ဖုန်း နှင့် ရှန်ချန်းသေမျိုးဂိုဏ်း၏လူငယ်အများအပြားသည် ထိုမိန်းကလေးရှိရာသို့လေးနက်သောအမူအရာဖြင့်ကြည့်လိုက်ကြသည်။သူမက နှင်းများကဲ့သို့ဖြူစွတ်သောအဖြူရောင်အဝတ်အစားများကိုဝတ်ဆင်ထားပြီး ရှည်လျားသောဆံပင်ရှည်များကို သူ့နောက်ကျောတွင်ဖြန့်ချထားကာမျက်နှာပေါ်တွင်အေးစက်သောအမူအရာတို့ရှိနေသည်။ သူမသည် အမှန်တကယ်ပင်နတ်သမီးတစ်ပါးကဲ့သို့ပါပဲ။

တကယ်တော့ ပုံပြင်ထဲမှနတ်သမီးဟုခေါ်ချင်းဟာ သူမကိုနှိမ့်ချလိုက်

သလိုပင်။

အသက်၃၀ကျော်အတွင်း ဖူးသစ်စနယ်ပယ်ကျွမ်းကျင်သူတစ်ဦးဖြစ်လာခြင်းက ရှန်ချန်းလောကတစ်ခုလုံးတွင် သူမနှင့်ယှဉ်ပြိုင်နိုင်သည့်အခြားမိန်းကလေးမရှိသလောက်ဖြစ်ပေလိမ့်မည်။

ရဲ့ဖုန်း ပင်လျှင် ဖြောင်လင်းရွှယ်ကိုမြင်လျှင် သူ့ရဲ့မောက်မာမှုများကိုဖယ်ထားခဲ့ရသည်။

သူမသည် စစ်မှန်သော-အရည်ချင်းရှိသည့်ကျွမ်းကျင်သူဖြစ်ပြီး မသေမျိုးဖြစ်လာရန် အလားအလာရှိသည့်ကျွမ်းကျင်သူဖြစ်သည်။

"အကြီးဆုံးစီနီယာအမ!"

"စီနီယာဖြောင်လင်းရွှယ်!"

ယွဲ့တောင်ထိပ်၏တပည့်များအားလုံးက လက်သီးလက်ဝါးဆုပ်ကာဖြောင်လင်းရွှယ်ကိုနှုတ်ဆက်ကြသည်။

ရှန်ချန်းမသေမျိုးဂိုဏ်းမှ လူငယ်များသည်လည်း ၎င်းတို့၏လက်သီးလက်ဝါးများဆုပ်လိုက်ကြသည်။

"အင်း" ဖြောင်လင်းရွှယ် က ခေါင်းညိတ်ကာတုံ့ပြန်လိုက်သည်။ "ဝမ်ဘိုင်၊ မင်း အဲ့ဒီကိစ္စအကြောင်းအားလုံးကို ပြောပြပြီးပြီထင်တယ်"

"အကြီးဆုံးစီနီအမ၊အဲဒီ လက်နက်သန့်စင်ရေးမာစတာက တကယ်အသက်၂၀ကျော်ရှိတာလား။" ပိုင်လင်း က မနေနိုင်တော့ဘဲ ဖြောင်လင်းရွှယ်ကိုမေးလိုက်သည်။

"အမှန်ကတယ်ကို ဒါကမထင်မှတ်ထားလောက်စရာပဲ!"

ဖြောင်လင်းရွှယ် က ခေါင်းညိတ်လိုက်ပြီး သူမ၏လက်နှစ်ဖက်ကိုအနည်းငယ်ဆန့်လိုက်ကာလှုပ်လိုက်ရာ ဘိုယွီဓား က ပျံသန်းလာကာသူမ

ရှေ့တွင်ရပ်လိုက်သည်"သူက ငါရဲ့စိတ်ဝိညာဉ်ဓားကို ပြုပြင်ပြီး ပင်မဓား အောက်ကဓားငယ်ခြောက်ချောင်းကိုဖန်တီးဖို့ ဘင်းရီသတ္တုကိုအသုံးပြုခဲ့ တယ်။ဒီဓားတွေကို ငါလက်ထဲရအောင်ယူရမယ်!"

"ဒါဆို အမှန်ပဲပေ့ါ!"

ပိုင်လင်း နှင့် ဘေ့ဘေ့တို့အပါအဝင် တပည့်တိုင်း၏ မျက်နှာတွင်အံ့သြ ခြင်းများကိုမြင်တွေ့နိုင်ပါသည်။ အကြီးဆုံးစီနီယာအမကိုယ်တိုင်မှ ဤ ကဲ့သို့ပြောလျှင် အမှန်သာဖြစ်တာလိမ့်မည်။

"အမပိုင်လင်း ၊ အမဘေ့ဘေ့ ၊ငါနင်တို့ကို ဘာလို့လိမ်ရမှာလဲ " မူဝမ်ဘိုင် က နှာခေါင်းကိုရှုံ့လိုက်ရင်းပြောသည်။

"အသက် ၂၀ ကျော်နဲ့ သန့်စင်ရေးမာစတာတစ်ယောက်ရှိနေပြီလား။" ရဲ့ ဖုန်း က မျက်မှောင်ကြုတ်ပြီး သံသယများဖြင့်မေးလိုက်သည်။

"အဲဒီကိုရောက်ရင် နင်ကိုယ်တိုင်တွေ့လိမ့်မယ်!"

ဖြောင်လင်းရွှယ် က ထပ်ပြီးရှင်းပြမနေတော့ဘဲ "ယွဲ့တောင်ထိပ်ရဲ့တပည့် အားလုံးအတွက် လက်နက်သန့်စင်ရေး မာစတာတစ်ယောက်ရှိနေတာ ကံကောင်းခြင်းတစ်ခုပဲ။ကျေးဇူးပြုပြီးတော့ အခြားတပည့်တွေရောလိုက် ချင်သလား စစ်ဆေးလိုက်ကြပါ။"

"နောက်ထပ်က!" ဖြောင်လင်းရွှယ် က မျက်မှောင်ကြုတ်ပြီး"သူတို့ရဲ့ စွမ်းအင်ဆေးတွေ သန့်စင်ဖို့လိုအပ်နေတဲ့ တပည့်တွေ ပစ္စည်းတွေ အားလုံး ကိုပြင်ဆင်ထားတဲ့တပည့်တွေရှိလား ကျေးဇူးပြုပြီးမေးလိုက်ပါ။"

"ဟုတ်ကဲ့ အကြီးဆုံးစီနီယာအမ ညီမအခုပဲသွားမေးလိုက်မယ်!"

ပိုင်လင်း၊ ဘေ့ဘေ့ နှင့် အခြားသောအမျိုးသမီး တပည့်များက ခေါင်းညိတ်ကာထွက်ခွာသွားခဲ့ကြသည်။

ယွဲ့တောင်ထိပ်တွင် အကြီးဆုံးစီနီယာအမတစ်ယောက်၏အဆင့်အတန်းဟာ ညွှန်ကြားရေးတစ်ယောက်၏အဆင့်နှင့်နှိုင်းယှဉ်နိုင်ပါသည်။သူတို့နှစ်ခုလုံးကြားတွင်အနည်းငယ်ကွာဟမှုတာရှိပါသည်။

အမျိုးသမီးတပည့်များက အခြားသူများကို လှည့်ပတ်ကာသတိပေးနေကြစဉ်၊ ရှန်ချန်း၏လူငယ်များကတော့ အနည်းငယ်အရှက်ရသွားကြသည်။ အထူးသဖြင့် ရဲ့ဖုန်းဟာ သူ့မျက်နှာပေါ်တွင်မဲမှောင်နေသောအမူအရာနှင့် အေးစက်သော အကြည့်များရှိနေသည်။

သူတို့၏ရည်ရွယ်ချက်မှာ ယွဲ့တောင်ထိပ် နှင့် ပူးပေါင်းရန်ဖြစ်သည်။ စီနီယာ အိုးကျိမင် ကို ဆွဲဆောင်ရန် သူတို့ပြင်းပြင်းထန်ထန်အားထုတ်ခဲ့ရပြီး ထိုနောက်တွင် ရဲ့ဖုန်းကတော့ ပိုင်လင်းကိုစိတ်ဝင်စားလာအောင်နိုင်ကာသူတို့ပူးပေါင်းကြတော့မည်ဖြစ်သော်လည်း မာစတာဟုခေါ်သောသူ ကထွက်ပေါ်လာလိမ့်မည်ဟုအနည်းငယ်မှ မမျှော်လင့်ထားခဲ့ကြပါဘူး။

"စီနီယာရဲ့ဖုန်း၊ငါတို့ ဘာလုပ်သင့်လဲ"

"ငါတို့ ဒီမာစတာနဲ့တွေ့ဖို့သွားကြမယ်!"

ရှန်ချန်းမသေမျိုးဂိုဏ်းမှ လူငယ်တစ်ဦးက မေးလိုက်သည်ကို ရဲ့ဖုန်းကမဆိုင်းမတွပြန်ဖြေလိုက်သည်။

"အဲဒီလို လက်နက်သန့်စင်မာစတာရှိတယ်ဆိုရင်တောင် သူက အဂ္ဂိရတ်ပညာရှင်ဆိုတာ ငါမယုံဘူး!"

ရဲ့ဖုန်းကခေါင်းကို အနည်းငယ်မော့လိုက်ရာ သူ့မျက်နှာပေါ်တွင်ယုံကြည်မှုများပြည့်နေလေသည် "ငါ ရဲ့ဖုန်းက ဘယ်သူ့ကိုမှမကြောက်ဘူး။ ရှန်ချန်းတစ်ခုလုံးမှာ ငါမသိတဲ့ အဂ္ဂိရတ်ပညာရှင်ဆိုတာမရှိဘူး။"

"မှန်တယ်။အဂ္ဂိရတ်ပညာနဲ့ပတ်သက်လာရင် ရှန်ချန်းလောကတစ်ခုလုံး

မှာ စီနီယာတို့မိသားစုနဲ့ နိုင်းယှဉ်နိုင်တဲ့သူမရှိဘူး"ဟု ရန်ချန်းဂိုဏ်းမှ လူငယ်အချို့က ပြုံးကာဖြင့်ပြောလိုက်ကြသည်။

"စီနီယာညီအမတို့အားလုံး အဆင်သင့်ဖြစ်ပြီ။ အဂ္ဂိရတ်ပညာနဲ့လက်နက်သန့်စင်မာစတာတစ်ယောက်ရှိနေတာကိုသိလိုက်ရတာ အားလုံးစိတ်လှုပ်ရှားနေကြပြီ။"

ပိုင်လင်း နှင့် ဘော့ဘော့တို့သည် မိနစ်နှစ်ဆယ်အတွင်းမှာပင် မျက်နှာပေါ်မှ အပြုံးများဖြင့် ဖြောင်လင်းရွှယ်ကိုပြန်အစီရင်ခံစကားပြောလိုက်ကြသည်။

အစပိုင်းတွင်၊ယွဲ့တောင်၏တပည့်များသည် ရန်ချန်း၏လူငယ်များနှင့် အချိန်ဖြုန်းကာပျော်ရွှင်နေကြသည်။သို့သော်လည်း အကြီးဆုံးသောစီနီယာအမက မာစတာဦးနှင့်တွေ့ဆုံရန် ခရီးတစ်ခုသို့ခေါ်ဆောင်သွားလိမ့်မည်ဟု သူတို့မမျှော်လင့်ထားကြပါဘူး။

သာမာန်တပည့်တစ်ဦးသည် မာစတာတစ်ဦးထံမှ စိတ်ဝိညာဉ်လက်နက်များသန့်စင်နိုင်ရန်အတွက် ကြီးမားသောအဖိုးအခပေးရမည်ဖြစ်သည်။ထိုအမျိုးသမီးတပည့်များသည် ထိုသို့ပေးချေရန်တတ်နိုင်ခြင်းမရှိကြပါဘူး။

"ကောင်းပြီ၊သွားကြရအောင်!"

လက်ထဲတွင် ကုန်ကြမ်းပစ္စည်းများကိုင်ဆောင်ထားသော တပည့်ငါးဆယ်မှခြောက်ဆယ်အုပ်စုကိုမြင်လျှင် ဖြောင်လင်းရွှယ်က ပြုံးကာသူမ၏ဓားကိုစီးလိုက်သည်။သူမ ရန်ချန်းမြို့ဆီသို့ ဦးတည်ပျံသန်းလာရင်း အခြားတပည့်များလည်း နောက်မှလိုက်လာကြသည်။

သို့သော် မကြာခင်နောက်မှလိုက်လာသူ လူဖဂဝတင်မကတော့ဘဲ လူ၈ဂခန့်ရှိလာသည်။ဤထဲအနက် တချို့မှာ ယွဲ့တောင်ထိပ်၏တပည့်များကို စပ်စုချင်သောသူများသာမက အခြားသော ဂိုဏ်းတောင်ထိပ်မှလူငယ်

များလည်း ပါဝင်လာကြသည်။

ဖြောင်လင်းရွှယ် သည် ဝမ်ရှန်း၏ဆိုင်မှထွက်ခွာသွားစဉ်တွင် မဲမှောင်စပြုနေပါပြီ။ ခရီးသွားချိန် နှင့် ကြန့်ကြာမှုများအားလုံးကိုပေါင်းလိုက်လျှင် ညအချိန် ၇ နာရီခန့်ရှိနေပြီဖြစ်သည်။ကောင်းကင်သည် မဲမှောင်နေပြီဖြစ်သဖြင့် တပည့်များ ရှန်ချန်းမြို့ဆီသို့ပျံသန်းလာစဉ် အာရုံစူးစိုက်မှုသိပ်မဖြစ်စေခဲ့ပါဘူး။မြို့အနီးတစ်ဝိုက်သို့ရောက်ရန် သူတို့အချိန်မိနစ်၂၀ခန့်ကြာသွားသည်။

"စီနီယာဖြောင်လင်းရွှယ်၊အဲဒီ မာစတာရဲ့ဆိုင်က ဘယ်မှာလဲ။အသက်၂၀ကျော်အရွယ် မာစတာတစ်ယောက်ဘယ်လိုပုံစံရှိလဲဆိုတာ ငါတကယ်မြင်မိချင်တယ်!"သူတို့အားလုံးက မြို့ထဲရောက်သည်နှင့် ရဲ့ဖုန်းက တောက်ပသောမျက်လုံးများဖြင့် ဖြောင်လင်းရွှယ်ကို မေးလိုက်သည်။

"ဟုတယ် အဲ့မာစတာ ဘယ်မှာလဲ သူကငယ်ရွယ်တဲ့မာစတာတစ်ယောက်ဖြစ်တယ်ဆိုတာ ငါတို့ကြားတယ်!" တပည့်တစ်စုသည် လမ်းမများပေါ်တွင် ရပ်ရင်း စိတ်အားတက်ကြွစွာဖြင့် စကားပြောလိုက်ကြသည်။

"ရှေ့ကိုသွားကြရအောင်!"

ဖြောင်လင်းရွှယ် က သူတို့ကို ဝမ်ရှန်း၏ဆိုင်သို့ ခေါ်သွားလိုက်သည်။သူမဆိုင်ထဲသို့ရောက်သွားချိန်တွင် ဝမ်ရှန်းထိုင်နေသည်ကို တွေ့လိုက်ရသည်။ဖြောင်လင်းရွှယ် က "အဲ့ဒီတစ်ယောက်ပဲ!"

"ဘာ? အကြီးဆုံးစီနီယာအမ ပြောချင်တာက... ဒီဆိုင်သေးသေးလေးကိုလား"

လူတိုင်းဟာသူတို့မြင်လိုက်ရသောအရာကြောင့် အံ့သြသွားခဲ့ကြသည်။

***